
## နိုင်ငံတဝန်းလုံးတွင် တိုက်ပွဲ ၄,၆၀၀ ကျော်ဖြစ်ပွား

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၁၅ ရက်အထိဖြစ်သည်။)





စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် နိုင်ငံတဝန်းလက်နက်ကိုင်ပဋိပက္ခ တိုက်ခိုက်မှုအကြိမ်ရေ **၄,၆၇၉ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများအနက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ (EAOs) အကြားဖြစ်ခဲ့သည့် တိုက်ပွဲအကြိမ်ရေသည် အများဆုံးဖြစ်ပြီး **၃,၁၀၇ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်များ (PDF/LDF/CDF/CNDF/KNDF စသည်ဖြင့်) အကြား တိုက်ပွဲဖြစ်ပွားမှုများမှာလည်း **၁,၅၁၁ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအချင်းချင်းအကြား တိုက်ပွဲဖြစ်ပွားမှု **၄၁ ကြိမ်**ထက်မနည်းရှိခဲ့ပြီး စစ်ကောင်စီနှင့် အမည်မသိရှိရသည့် လက်နက်ကိုင်တပ်များအကြား တိုက်ပွဲဖြစ်ပွားမှု **အကြိမ် ၂၀** ခန့် ရှိခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ထုတ်ပြန်ချက်များအပေါ်အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားနိုင်ပါသည်။

## ကရင်ပြည်နယ်တွင် တိုက်ပွဲအများဆုံးဖြစ်ပွားခဲ့

(၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၁၅ ရက်အထိဖြစ်သည်။)




၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၁၅ ရက်အတွင်း မြန်မာနိုင်ငံတဝန်းလုံးတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲအကြိမ်ရေ **၄,၁၀၀** ကျော်အနက် ကရင်ပြည်နယ်၌ တိုက်ပွဲပေါင်း **၂,၄၃၂ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့ပြီး အရေအတွက် အများဆုံးဖြစ်ခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲ **၄၃၉ ကြိမ်**ထက်မနည်းဖြစ်ပွားခဲ့ပြီး ဒုတိယအများဆုံး ဖြစ်ခဲ့သည်။ ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲအရေအတွက်သည် တနိုင်ငံလုံးဖြစ်ပွားခဲ့သည့် တိုက်ပွဲအရေအတွက်၏ ထက်ဝက်ကျော် (ငါးဆယ့်ခြောက်ရာခိုင်နှုန်း) ခန့်ရှိခဲ့ပြီး တိုက်ပွဲများ ပြင်းထန်နေဆဲဖြစ်သည်။ ချင်းပြည်နယ်တွင် **၃၈၃ ကြိမ်**ထက်မနည်းနှင့် ကယားပြည်နယ်တွင် **၂၇၃ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့ပြီး တိုက်ပွဲများ ပြင်းထန်နေဆဲဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ထုတ်ပြန်ချက်များအပေါ်အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားနိုင်ပါသည်။


www.ISPMyanmar.com

# ISP DATA MATTERS

23 May 2022

CONFLICT, PEACE AND SECURITY

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၂၀**



## စစ်ကိုင်းတိုင်း၏နေရာအနှံ့အပြားတွင် တိုက်ပွဲများဖြစ်ပွားခဲ့

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မေ ၁၅ ရက်အတွင်း တနိုင်ငံလုံးတွင် တိုက်ပွဲပေါင်း **၄,၆၇၉ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ပွဲများကို စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၊ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေး တပ်များ (PDF/LDF/CDF/CNDF/KNDF စသည် ဖြင့်) အကြားဖြစ်ပွားခဲ့သည့်တိုက်ပွဲများ၊ တိုင်းရင်း သားလက်နက်ကိုင်တပ်ဖွဲ့များ အချင်းချင်းအကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများဟူ၍ အမျိုးအစား သုံးမျိုး ခွဲခြားထားပြီး ဖော်ပြထားခြင်းဖြစ်သည်။ ကရင် ပြည်နယ်တွင် တိုက်ပွဲအများဆုံးဖြစ်ပွားခဲ့ပြီး စစ်ကိုင်း တိုင်းတွင် ဒုတိယအများဆုံးဖြစ်ပွားခဲ့သည်။

- (လိမ္မော်ရောင်) စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ
- (အပြာရောင်) စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ
- (အဝါစိမ်းရောင်) တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အချင်းချင်းအကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

ရည်ညွှန်း - ယခုအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ထုတ်ပြန်ချက်များအပေါ်အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

## မေလအတွင်း စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများပိုမိုပြင်းထန်


(၂၀၂၂ ခုနှစ်၊ မေ ၁ ရက်မှ မေ ၁၅ ရက်အထိဖြစ်သည်။)

### ၁၀၄+

၂၀၂၂ ခုနှစ်၊ မေ ၁ ရက်မှ ၁၅ ရက်အတွင်း စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF/LDF/CDF/KNDF) အကြား တိုက်ပွဲဖြစ်ပွားမှု အများဆုံးရှိခဲ့ပြီး **၁၀၄ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲဖြစ်ပွားရာ ဒေသများတွင် လေကြောင်းတိုက်ခိုက်ခံရမှု **၃၂ ကြိမ်**ထက်မနည်း ရှိခဲ့သည့်အပြင် နေအိမ် **၅,၇၀၂ လုံး** ထက်မနည်း မီးရှို့ ဖျက်ဆီးခံခဲ့ရပါသည်။ မေလ ၁ ရက် မှ ၁၅ ရက် အတွင်း သေဆုံးခဲ့ရသူများ၏ **၉၂ ရာခိုင်နှုန်း (၄၆ ဦး** ထက်မနည်း) မှာ အဆိုပါ လက်နက်ကိုင်ပဋိပက္ခများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

### ၁၂၀+

၂၀၂၂ ခုနှစ်၊ မေ ၁ ရက်မှ ၁၅ ရက်အတွင်း နိုင်ငံတဝန်းလုံးတွင် လက်နက်ကိုင်ပဋိပက္ခ **အကြိမ်ရေ ၁၂၀** ထက်မနည်း ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲ များအနက် စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF/LDF/CDF/CNDF/KNDF) အကြား တိုက်ပွဲဖြစ်ပွားမှု ပိုမိုပြင်းထန်ခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများအတွင်း အရပ်သားသေဆုံးမှု **၅၀ ဦး** ထက်မနည်း ရှိခဲ့ပါသည်။




### စစ်ကိုင်းတိုင်း

၂၀၂၂ ခုနှစ်၊ မေ ၁ ရက်မှ ၁၅ ရက်အတွင်း စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ် ၅၁ မြို့နယ်၌ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲ **၅၅ ကြိမ်**ထက်မနည်း ဖြစ်ပွားခဲ့ပြီး တိုက်ပွဲ အပြင်းထန်ဆုံးဒေသဖြစ်ခဲ့သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သား **၃၈ ဦး**ထက်မနည်း သေဆုံးခဲ့ရသည်။ မေလ ဒုတိယပတ် အတွင်း ရေဦးမြို့နယ်၊ မုန်တိုင်ပင်ကျေးရွာနှင့် အနီးတဝိုက်တွင် မီးရှို့သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်း **၂၇ ဦး**ထက်မနည်း တွေ့ခဲ့ရသည့်ဖြစ်စဉ်မှာ ထင်ရှားပါသည်။ မေလအတွင်း စစ်ကိုင်းတိုင်း၌ လေကြောင်းတိုက်ခိုက်ခံရမှု **၁၆ ကြိမ်**ထက်မနည်းနှင့် နေအိမ် **၃,၆၁၈ လုံး**ထက်မနည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ထုတ်ပြန်ချက်များအပေါ်အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားသည့် အချက်အလက်များဖြစ်ပါသည်။ မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားနိုင်ပါသည်။